# ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ
# နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များ



## ရန်ကုန်တိုင်းဒေသကြီးအား အခြေပြုလေ့လာခြင်း

## အေဒီအသင်း (Another Development မူဝါဒ အကြံပေးအဖွဲ့)

အေဒီအသင်း (Another Development မူဝါဒ အကြံပေးအဖွဲ့) သည် မြန်မာနိုင်ငံအခြေပြု အကျိုးအမြတ်မယူသော မူဝါဒဆိုင်ရာ သုတေသနပြုစုသည့် အဖွဲ့အစည်းဖြစ်သည်။ အေဒီအသင်း အနေဖြင့် လူ့အခွင့်အရေး၊ ဇဟုယဉ်ကျေးမှုများကို အသိ အမှတ်ပြုခြင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ဖက်ဒရယ်ပြည်ထောင်စု၊ ကျေးလက်စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း၊ လျှပ်မြန်အစိုးရနှင့်ပြည်သူဟူသည့်အဓိကကဏ္ဍရပ်၅ခုကိုအလေးထားလုပ်ဆောင်လျက် ရှိသည်။

ထိရောက်မှုရှိသော ပြည်သူ့ရေးရာမူဝါဒများကို ပြောင်းလဲရန်အလို့ငှာ တိုက်တွန်းလှုံ့ဆော်သည့် နည်းလမ်းဖြင့် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ် လျက်ရှိသော ပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းချက်ထုတ်ရာတွင် အစိတ်အပိုင်း တစ်ခုအနေဖြင့် ပါဝင်နိုင်ရန်ရည်ရွယ်၍ ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ အေဒီအသင်း တွင် လုပ်ငန်းဌာန လေးခုရှိပြီး ၄င်းတို့မှာ မဟာဗျူဟာ ဆက်သွယ်ရေးဌာန၊ သုတေသနနှင့် စည်းရုံးလှုံ့ဆော်ခြင်းဌာန၊ အကြံညဏ် ပေးခြင်းနှင့် လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုဌာန နှင့် လုပ်ငန်းလည်ပတ်ရေး အထောက်အကူပြုဌာနတို့ ဖြစ်ကြပါသည်။


ထုတ်ဝေသူ – အေဒီအသင်း (Another Development မူဝါဒ အကြံပေးအဖွဲ့)
ထုတ်ဝေသည့် ရက်စွဲ – ၁.၁၁.၂၀၂၀
သုတေသနပြုစုသူ – ထက်ဝေဝေခိုင်
သုတေသနအကြံပေး – ရေချမ်း နှင့် မိုင်လှအေး



All rights reserved
Copyright © 2020 by Another Development Policy Think-Tank


အမှတ် ၆၂၊ ၅လွှာ၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်းနံပါတ် – ၀၉ ၂၆၄ ၈၈၃ ၄၂၁
အီးမေးလ် – office@anotherdevelopment.org
ဝဘ်ဆိုဒ် – https://www.anotherdevelopment.org/

# မာတိကာ


စာတမ်းအနှစ်ချုပ် ........ ၅

စာတမ်းမိတ်ဆက် ........ ၆

သုံးသပ်တွေ့ရှိချက် အပိုင်း (က) ကိုယ်စားလှယ်လောင်းများဆိုင်ရာ အချက်အလက်များ ........ ၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများနှင့်
ကိုယ်စားလှယ်လောင်းများဆိုင်ရာ အချက်အလက်များ ........ ၇

ရန်ကုန်တိုင်းဒေသကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ ........ ၁၀

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (တိုင်းရင်းသားလူမျိုး) ကိုယ်စားလှယ်လောင်းများ ........ ၁၂

တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ ........ ၁၃

သုံးသပ်တွေ့ရှိချက် အပိုင်း (ခ) ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များ ........ ၁၄

နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များ ........ ၁၄

ရန်ကုန်တိုင်းဒေသကြီးအတွက် ကတိကဝတ်များ ........ ၁၅

နိဂုံး ........ ၁၇

နောက်ဆက်တွဲ (က) သုတေသနနည်းနာ ........ ၁၈

နောက်ဆက်တွဲ (ခ) နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲကြေညာစာတမ်းများ ........ ၁၉

နောက်ဆက်တွဲ (ဂ) သုတေသနစာတမ်း၏ ကိုးကားထားသော အရင်းအမြစ်များ ........ ၂၀

## သုတေသနစာတမ်းပါ ဇယားများစာရင်း

ဇယား (၁)။ ဝင်ရောက်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းဦးရေနှင့်မဲဆန္ဒနယ်အရေအတွက် ........................ ၈

ဇယား (၂)။ ကရင်နှင့် ရခိုင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းများ ...................... ၁၂

## သုတေသနစာတမ်းပါ ပုံများစာရင်း

ပုံ (၁)။ **ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ ကျား၊မ ဦးရေ နှင့် ရာခိုင်နှုန်း** ............................................................... ၉

ပုံ (၂)။ **ကိုယ်စားလှယ်လောင်းဦးရေ အများဆုံးဝင်ရောက်ယှဉ်ပြိုင်သော ပါတီများ** ....................................... ၁၀

ပုံ (၃)။ **တိုင်းရင်းသားလူမျိုးစု အခြေပြု နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းဦးရေ** ........................... ၁၁

ပုံ (၄)။ **တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၏ ကျား၊မ ဦးရေနှင့် ကျား၊မပါဝင်မှု ရာခိုင်နှုန်း** ................... ၁၃

# ရန်ကုန်တိုင်းဒေသကြီးအား အခြေပြုလေ့လာခြင်း

## တတမ်းအနှစ်ချုပ်

အထွေထွေရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ ပြယုဂ်အဖြစ် အရေးကြီးသကဲ့သို့ ရွေးကောက်ခံပါတီများ၊ ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ ကတိကဝတ်များသည်လည်း ပြည်သူများအတွက်များစွာ အရေးကြီးလှပါသည်။ ၎င်းတို့သည် ရွေးကောက်ခံ အစိုးရသစ်နှင့် ရွေးကောက်ခံ ကိုယ်စားလှယ်များမှ (၅) နှစ်တာကာလအတွင်း မူဝါဒပိုင်းဆိုင်ရာအရ ဖော်ဆောင်ပေးမည့် ကတိကဝတ်များ ဖြစ်သကဲ့သို့ ပြည်သူများအနေဖြင့် ၎င်းတို့ကိုယ်စားရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်၏ ဆောင်ရွက်ချက်များကို ထိုကာလသက်တမ်းအတွင်း လေ့လာစမ်းစစ်နိုင်ရန် ပြည်သူလူထုနှင့် ချုပ်ဆိုထားသော ကတိပြုစာချုပ်ဟုလည်း တစ်နည်းခေါ်ဆိုနိုင်ပါသည်။ ဤစာတမ်းငယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း မည်သည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ကြသနည်း (ဝင်ရောက်ယှဉ်ပြိုင်မည့်နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများဆိုင်ရာအချက်အလက်)၊ ထိုပါတီများနှင့် ကိုယ်စားလှယ်လောင်းများမှ မည်သို့သော ကတိကဝတ်များ ပြုထားသည်ဆိုသည့်အရာများကို ပြုစုလေ့လာထားပါသည်။ ဤစာတမ်းအား ဇူလိုင်လ ၁ ရက် နေ့မှ စ၍ အောက်တိုဘာလ ၁၈ ရက် အထိ အွန်လိုင်းမှ စောင့်ကြည့်ခြင်းဖြင့် အချက်အလက်များကို ရှာဖွေစု ဆောင်းခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် (၂၀၂၀) အထွေထွေရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းဦးရေသည် နိုင်ငံရေးပါတီ (၄၁) ပါတီမှ ကိုယ်စားလှယ်လောင်း (၇၆၉) ဦး နှင့် တစ်သီးပုဂ္ဂလ (၃၂) ဦး စုစုပေါင်း(၈၀၁)ဦး ရှိသည်ကို တွေ့ရသည်။ ကိုယ်စားလှယ်လောင်းများသည် ရန်ကုန်တိုင်းဒေသကြီး၏ အမျိုးသားလွှတ်တော်နေရာ (၁၂) နေရာအတွက်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်နေရာ (၄၅) နေရာအတွက်သော်လည်းကောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နေရာ (တိုင်းရင်းသားလူမျိုး ခုံနေရာအပါအဝင်) (၉၂) နေရာအတွက်သော်လည်းကောင်း မဲဆန္ဒနယ်အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း တွေ့ရသည်။ မူဝါဒအခြေပြုနိုင်ငံရေးပါတီများသာမက တိုင်းရင်းသားလူမျိုးစု အခြေပြုနိုင်ငံရေးပါတီများမှလည်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း တွေ့ရသည်။ ဝင်ရောက်ယှဉ်ပြိုင်ကြသော ကိုယ်စားလှယ်လောင်း စုစုပေါင်း (၈၀၁) ဦး ထဲတွင် ကျား၊မပါဝင်မှု ဦးရေနှင့် ရာခိုင်နှုန်းမှာ ကျား (၆၁၆) ဦး (၇၆.၉%) ရာခိုင်နှုန်း နှင့် မ (၁၈၅) ဦး (၂၃.၁%) ရာခိုင်နှုန်း တို့ ဖြစ်ပါသည်။

ရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်း ဒေသကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီ (၄၁) ပါတီ ရှိရာတွင် ရွေးကောက်ပွဲကြေညာစာတမ်း ထုတ်ပြန်သည့် ပါတီမှာ (၁၃) ပါတီ တွေ့ရသည်။ ထိုရွေးကောက်ပွဲကြေညာစာတမ်းများတွင် ယေဘုယျအားဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စများကို ထည့်သွင်းထားပြီး သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအတွက် ဖော်ပြထားသည့် ပါတီအရေအတွက်မှာ (၇)ပါတီရှိကြောင်း တွေ့ရပါသည်။ ရန်ကုန်မြို့အတွက် သီးခြားကဏ္ဍခွဲ၍ ဖော်ပြထားသည့် နိုင်ငံရေးပါတီ (၁) ပါတီ ရှိကြောင်း တွေ့ရသည်။ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နေရာအတွက် ကိုယ်စားလှယ်လောင်းအနေဖြင့် ၎င်းတိုင်းရင်းသား လူမျိုးများ၏ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် တန်းတူညီမျှမှုရရှိရေး အစရှိသောကိစ္စရပ်များကို ဦးစားပေး ကတိပြုထားသည်ကိုလည်း တွေ့ရသည်။ ထို့အတူ ဝင်ရောက်ယှဉ်ပြိုင်မည့် အချို့နိုင်ငံရေးပါတီကိုယ်စားလှယ်လောင်းများနှင့် တစ်သီး ပုဂ္ဂလကိုယ်စားလှယ်လောင်းများသည် ၎င်းတို့ ကိုယ်စား ပြုသော မဲဆန္ဒနယ်များ၏ လိုအပ်ချက်များကို အခြေပြု၍ ကတိကဝတ်ပြုကြသည်ကိုလည်း တွေ့ရသည်။

# စာတမ်းမိတ်ဆက်

လွှတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲရှိခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့်အပြင် ဒီမိုကရေစီ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းကာလကို (၂၀၁၀) အထွေထွေရွေးကောက်ပွဲမှ စတင်လာခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထိုအချိန်မှစ၍ ကျင်းပလာခဲ့သော အထွေထွေရွေးကောက်ပွဲသည် ယခု ၂၀၂၀ပြည့်နှစ်တွင် တတိယကြိမ်မြောက်သို့ ရောက်လာပြီ ဖြစ်ပါသည်။ အထွေထွေရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ ပြယုဂ်အဖြစ် အရေးကြီးသကဲ့သို့ ရွေးကောက်ခံပါတီများ၊ ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ ကတိကဝတ်များသည်လည်း ပြည်သူများအတွက် များစွာ အရေးကြီးလှပါသည်။ ၎င်းတို့သည် ရွေးကောက်ခံအစိုးရသစ်နှင့် ရွေးကောက်ခံ ကိုယ် စားလှယ်များမှ (၅) နှစ်တာကာလအတွင်း မူဝါဒပိုင်းဆိုင်ရာအရ ဖော်ဆောင်ပေးမည့် ကတိကဝတ်များ ဖြစ်သကဲ့သို့ ပြည်သူများအနေဖြင့် ၎င်းတို့ရွေးချယ် တင်မြှောက်မည့် ကိုယ်စားလှယ်၏ ဆောင်ရွက်ချက်များကို (၅) နှစ်တာကာလ သက်တမ်းအတွင်း လေ့လာစမ်းစစ်နိုင်ရန် ပြည်သူလူထုနှင့် ချုပ်ဆိုထားသော ကတိပြုစာချုပ်ဟုလည်း တစ်နည်း ခေါ်ဆိုနိုင်ပါသည်။

ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များတွင် ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့ကိုယ်စားပြုသောဒေသမှ ပြည်သူလူထုတို့၏ လက်ရှိရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် လိုအပ်ချက်တို့ကို မည်မျှ ဦးစားပေးထည့်သွင်းထားသည်ကို မူဝါဒဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လေ့လာမည်ဆိုပါက အကျိုးရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့ကိုယ်စားပြုသော ဒေသအတွက် မည်သည့် ကတိကဝတ်များပြုထားသည်ကို ရန်ကုန်တိုင်းဒေသကြီး၌ ပါဝင်ယှဉ်ပြိုင်မည့်နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၏ ကတိကဝတ်များကို ဤစာတမ်းငယ်တွင် လေ့လာသွားပါမည်။ ရန်ကုန်တိုင်းဒေသကြီးကို လေ့လာရန် ရွေးချယ်ရသည့် အကြောင်းအရင်းမှာ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးအတွက် အချက်အချာကြသည့်တိုင်းဒေသကြီး တစ်ခုဖြစ်ပြီး နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောဒေသလည်း ဖြစ်ပါသည်။ နိုင်ငံ၏ ဂျီဒီပီ (၂၀) ရာခိုင်နှုန်းကျော်ကို ထောက်ပံ့ပေးနေသည့် ရန်ကုန်မြို့လည်း ရှိပါသည်။[1] ရန်ကုန်မြို့ဆီသို့ ရန်ကုန်မြို့ပြင်ပ သို့မဟုတ် အနီးတစ်ဝိုက်မှ ပြည်သူများ၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်သူများသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် အဆင့်မြင့်ပညာရှာဖွေရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ကူးသန်းရောင်းဝယ်ရေး၊ လုပ်ကိုင်ရန် ရွှေ့ပြောင်းလာကြသည်။ ထို့ကြောင့် ရန်ကုန်မြို့သည် လူဦးရေထူထပ်လာမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုတို့နှင့်အတူ နောက်ဆက်တွဲလူမှုစီးပွားရေးနှင့် သက်ဆိုင်သည့် အကျပ်အတည်းများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ဥပမာအားဖြင့် ပြည်သူများ၏ နေထိုင်စားသောက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ အလုပ်အကိုင်အခွင့်လမ်းကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ ပြည်သူများ အပန်းဖြေနားစရာ နေရာများနှင့် အားကစားကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်ချက်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍနှင့် အခြားသောကိစ္စရပ်များ အစရှိသည့် စိန်ခေါ်ချက်များစွာ ရှိနေပါသည်။ ဤအထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နေရာများအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြသောနိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ အတွက် ထိုသို့ဖြေရှင်းဆောင်ရွက်ပေးရမည့် စိန်ခေါ်မှုများက စောင့်ကြိုနေပေသည်။ ဤသို့ဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများ၏ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များက အထက်ဖော်ပြပါ မည်သည့် စိန်ခေါ်မှုများကို ဦးစားပေးထားသည်ကို လေ့လာဖို့သင့်ပေသည်။ ဤစာတမ်းငယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း မည်သည့်ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ကြသနည်း (ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများနှင့် ကိုယ်စားလှယ်များဆိုင်ရာ အချက်အလက်)၊ ထိုပါတီများနှင့် ကိုယ်စားလှယ်လောင်းများမှ မည်သို့သော ကတိကဝတ်များ ပြုထားသည်ဆိုသည့်အရာများကို အွန်လိုင်းအခြေပြု စောင့်ကြည့်လေ့လာထားပါသည်။

1 Doing Business in Myanmar 2018." 2018. Yangon: PricewaterhouseCoopers Myanmar Co., Ltd. https://www.pwc.com/mm/en/publications/assets/yangon-business-guide 2018.pdf?fbclid=IwAR2rv25Sb3Coh2jh13C8SLAtPlWrrcpGy3eqvlabK_zJV5GDDUaEcsAp62c

# သုံးသပ်တွေ့ရှိချက် အပိုင်း (က)
# ကိုယ်စားလှယ်လောင်းများဆိုင်ရာ အချက်အလက်များ

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းများဆိုင်ရာ အချက်အလက်များ

ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသော မဲဆန္ဒနယ်စုစုပေါင်း အရေအတွက်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (တိုင်း ရင်းသားလူမျိုးအပါအဝင်) မဲဆန္ဒနယ်စုစုပေါင်း (၁၄၉) နယ် ရှိသည်။[2] ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်ပေါင်း (၄၅) နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်ပေါင်း (၁၂) နယ် နှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (တိုင်းရင်းသား လူမျိုးအပါအဝင်) မဲဆန္ဒနယ်ပေါင်း (၉၂) နယ် စသည် တို့ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (တိုင်း ရင်းသားလူမျိုးလွှတ်တော်) အတွက် ရန်ကုန်တိုင်း ဒေသ ကြီးတွင် ကရင်တိုင်းရင်းသားမဲဆန္ဒနယ် (၁) နယ်နှင့် ရခိုင်တိုင်းရင်းသားမဲဆန္ဒနယ် (၁) နယ် စုစုပေါင်း (၂) နယ် သာ ရရှိသည်ကို တွေ့ရသည်။

လွှတ်တော်အသီးသီး၏ (၁၄၉) နယ်သော မဲဆန္ဒ နယ်များအတွက် တစ်နည်းအားဖြင့် (၁၄၉) ခုသော လွှတ်တော်ခုံနေရာများအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း စုစုပေါင်း (၈၀၁)[3] ဦး ရှိသည်။ ၎င်း(၈၀၁)ဦးရေတွင် (၇၆၉) ဦးသော ကိုယ်စားလှယ် လောင်းများသည် နိုင်ငံရေးပါတီ (၄၁)ပါတီမှ ပါတီကိုယ် စားပြုဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်း များဖြစ်ပြီး ကျန် (၃၂) ဦးသော ကိုယ်စားလှယ်လောင်း များသည် တစ်သီးပုဂ္ဂလများ ဖြစ်ကြသည်ကို တွေ့ရသည်။ ၎င်း (၈၀၁) ဦးသော ကိုယ်စားလှယ်လောင်းများသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (ကရင် တိုင်းရင်းသားလူမျိုး)နှင့် ရန်ကုန်တိုင်းဒေသကြီး

---

2 ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်, 'တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ'.

3 ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန် ကြေညာခြင်းကို ဩဂုတ်လ၊ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထိုသို့ကြေညာအပြီး နောက်ပိုင်းတွင် အမည်စာရင်းထုတ်ပြန်ကြေညာခြင်းခံခဲ့ရသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း (၇၀) ဦးတွင် မြို့အမျိုးသားဒီမိုကရေစီပါတီမှ အမျိုးသား ကိုယ်စားလှယ်လောင်း (၁) ဦး ၂၀၂၀ခုနှစ်၊ စက်တင်ဘာလ၊ ၂ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲ၏ ကြေညာချက်တွင်လည်း သေဆုံးဟု ဖော်ပြထားပါသည်။ ထို့အပြင် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်သည် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ မဲဆန္ဒနယ် အမှတ်(၁)၊ သဃ်္ဃန်းကျွန်းမြို့နယ်မှ ဦးလှဝင်းကို မွေးဖွားစဉ်မိဘနှစ်ပါး နိုင်ငံသားမဟုတ်ဆိုကာ ကိုယ်စားလှယ်စရင်းမှ နာမည်စာရင်း ပယ်ဖျက်ခဲ့သည်။ ချမ်းငြိမ်း, 'လူ့ဘောင်သစ်ပါတီ ကိုယ်စားလှယ်လောင်းကို ကော်မရှင်က အမည်စာရင်းပယ်ဖျက်'., Mizzama, http://www.mizzimaburmese.com/article/74453
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အောက်တိုဘိုလ ၁၇ ရက်နေ့ ကြေညာချက်တွင် "ညီညွတ်သောဒီမိုကရက်တစ်ပါတီ–UDP သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၄)နှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ၊ နည်းဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကိုလည်းဖျက်သိမ်းကြောင်း" ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်, 'ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) [ဖျက်သိမ်းပြီး] ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း'., https://www.uec.gov.mm/news_preview_detail.php

လွှတ်တော် (ရခိုင်တိုင်းရင်းသားလူမျိုး) စသည့် နေရာများ၏ မဲဆန္ဒနယ်များတွင် အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။[4]

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ လွှတ်တော် မဲဆန္ဒနယ် (၄၅) နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းဦးရေမှာ (၂၅၀) ဦးရှိပြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် (၁၂) နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းဦးရေမှာ (၅၈) ဦး ရှိကြောင်း တွေ့ရသည်။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် (၉၀) နယ်အတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းဦးရေမှာ (၄၈၂) ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် (၁) နယ်အတွက် ကိုယ်စားလှယ်လောင်း (၆) ဦး၊ ရခိုင် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် (၁) နယ်အတွက် ကိုယ်စားလှယ်လောင်း (၅) ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း တွေ့ရသည်။ (ဇယား ၁ တွင် ရှုပါ)

ဇယား (၁) – ဝင်ရောက်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းဦးရေနှင့်မဲဆန္ဒနယ်အရေအတွက်

| စဉ် | လွှတ်တော်အမည် | မဲဆန္ဒနယ် သို့မဟုတ် ခုံနေရာ | ကိုယ်စားလှယ်လောင်းဦးရေ |
|---|---|---|---|
| ၁။ | ပြည်သူ့လွှတ်တော် | ၄၅ | ၂၅၀ |
| ၂။ | အမျိုးသားလွှတ်တော် | ၁၂ | ၅၈ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | ၉၀ | ၄၈၂ |
| ၄။ | တိုင်းဒေသကြီးလွှတ်တော် (ကရင်တိုင်းရင်းသားလူမျိုး) | ၁ | ၆ |
| ၅။ | တိုင်းဒေသကြီးလွှတ်တော် (ရခိုင်တိုင်းရင်းသားလူမျိုး) | ၁ | ၅ |
| စုစုပေါင်း | | ၁၄၉ | ၈၀၁ ဦး |


ရင်းမြစ် – ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ မဲဆန္ဒနယ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်, ‘တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ’ ဝက်ဆိုက်

4 ဤစာတမ်းငယ်ကို ရေးသားနေချိန်တွင် ညီညွတ်သောဒီမိုကရက်တစ်ပါတီအား ဖျက်သိမ်းခြင်း၊ ကိုယ်စားလှယ်လောင်းသေဆုံးခြင်းနှင့် ကိုယ်စားလှယ်လောင်းအမည်စရင်း ပယ်ဖျက်ချက်များရှိသည့်အတွက် လက်ရှိယှဉ်ပြိုင်သူဦးရေစုစုပေါင်းနှင့် ရာခိုင်နှုန်းမှာ အပြောင်းအလဲရှိကြောင်း ဖော်ပြလိုပါသည်။

ဝင်ရောက်ယှဉ်ပြိုင်ကြသော ကိုယ်စားလှယ်လောင်း စုစုပေါင်း (၈၀၁) ဦးထဲတွင် ကျား၊မ ပါဝင်မှု ဦးရေနှင့် ရာခိုင်နှုန်းမှာ ကျား (၆၁၆) ဦး (၇၆.၉%) ရာခိုင်နှုန်းနှင့် မ (၁၈၅) ဦး (၂၃.၁%) ရာခိုင်နှုန်းတို့ ဖြစ်ပါသည်။ (ပုံ-၁ တွင် ကြည့်ပါ)

ထို့အပြင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် စုစုပေါင်း ကိုယ်စားလှယ်လောင်း (၂၅၀) ဦးတွင် ကျား (၂၀၄) ဦး၊ မ (၄၆) ဦး ရှိပြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် စုစုပေါင်းကိုယ်စားလှယ်လောင်း (၅၈) ဦးတွင် ကျား (၄၈) ဦး၊ မ (၁၀) ဦး ရှိကြောင်း တွေ့ရသည်။ ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော်မဲဆန္ဒနယ်များ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် စုစုပေါင်းကိုယ်စားလှယ်လောင်း (၄၈၂) ဦးတွင် ကျား (၃၅၉) ဦး၊ မ (၁၂၃) ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (ကရင်တိုင်းရင်းသားလူမျိုး) မဲဆန္ဒနယ်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် စုစုပေါင်းကိုယ်စားလှယ်လောင်း (၆) ဦးတွင် ကျား (၂) ဦး၊ မ (၄) ဦး၊ (ရခိုင်တိုင်းရင်းသားလူမျိုး) မဲဆန္ဒနယ်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် စုစုပေါင်းကိုယ်စားလှယ်လောင်း (၅) ဦးတွင် ကျား (၃) ဦး၊ မ (၂) ဦးဖြစ်ကြောင်း တွေ့ရသည်။ လွှတ်တော်အသီးသီး၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ ကျား၊မ ဦးရေအသေးစိတ်နှင့် ရာခိုင်နှုန်းအသေးစိတ်ကို အောက်ဖော်ပြပါ ပုံ (၁) တွင် လေ့လာနိုင်သည်။

ပုံ(၁) – ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ ကျား၊မ ဦးရေ နှင့် ရာခိုင်နှုန်း





ရင်းမြစ် – ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ မဲဆန္ဒနယ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝက်ဆိုက်

# ရန်ကုန်တိုင်းဒေသကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ

ရန်ကုန်တိုင်းဒေသကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီစုစုပေါင်း (၄၁) ပါတီ ရှိပါသည်။[5] ၎င်း (၄၁) ပါတီတွင် မူဝါဒအခြေပြု နိုင်ငံရေးပါတီများသာမက တိုင်းရင်းသားလူမျိုးစု အခြေပြုနိုင်ငံရေးပါတီ (၈)ပါတီ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း တွေ့ရသည်။[6] ထို့ကြောင့် နိုင်ငံရေးပါတီများ၏ (၂၀)% သည် တိုင်းရင်းသားလူမျိုးစု အခြေပြု နိုင်ငံရေး ပါတီများ ဖြစ်ကြောင်းတွေ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ရန်ကုန်တိုင်းဒေသကြီးရှိ လွှတ်တော်တိုင်း၏ ခုံနေရာအားလုံးအတွက် ဝင်ရောက်ယှဉ်ပြိုင်သည်ကို တွေ့ရသည်။ (ပုံ-၂ နှင့် ပုံ-၃ တွင် ကြည့်ပါ)

ပုံ(၂) – ကိုယ်စားလှယ်လောင်းဦးရေ အများဆုံးဝင်ရောက်ယှဉ်ပြိုင်သော ပါတီများ[7]





ရင်းမြစ် – ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ မဲဆန္ဒနယ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝက်ဆိုက်

5 ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဝက်ဆိုက်

6 ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊ မွန်ညီညွတ်ရေးပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ကမန်အမျိုးသားတိုးတက်ရေးပါတီ၊ ဖလုံ-စဝေါဒီမိုကရက်တစ်ပါတီ၊ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၊ ရခိုင်အမျိုးသားပါတီ နှင့် ကရင်အမျိုးသားပါတီ တို့ဖြစ်ကြသည်။

7 ကိုယ်စားလှယ်လောင်းဦးရေ အများဆုံးပါတီ (၁၀) ပါတီကိုသာ ရွေးချယ်ဖော်ပြထားပါသည်။

ပုံ(၃) – တိုင်းရင်းသားလူမျိုးစု အခြေပြု နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းဦးရေ




ရင်းမြစ် – ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ မဲဆန္ဒနယ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝက်ဆိုက်

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (တိုင်းရင်းသားလူမျိုး) ကိုယ်စားလှယ်လောင်းများ

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကရင်တိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် (၁) နယ်အတွက် စုစုပေါင်း ကိုယ်စားလှယ်လောင်းမှာ (၆) ဦးဖြစ်ပြီး (၆)ဦးလုံးမှာ နိုင်ငံရေးပါတီ (၆) ပါတီမှ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြသည်ကို တွေ့ရသည်။ ထို့အတူ ရခိုင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် (၁) နယ်အတွက် စုစုပေါင်းကိုယ်စားလှယ်လောင်းမှာ (၅) ဦးဖြစ်ပြီး ၎င်းအထဲမှ (၂)ဦးမှာ နိုင်ငံရေးပါတီ (၂)ပါတီကို ကိုယ်စားပြုပြီး ကျန် (၃)ဦးမှာ တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ (ဇယား (၂) တွင် လေ့လာနိုင်ပါသည်)။ ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အတွက် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ် လောင်းများထဲတွင် အမျိုးသား၊ အမျိုးသမီးပါဝင်မှု အချိုး အစားမှာ အမျိုးသား (၂) ဦး၊ အမျိုးသမီး (၄) ဦးနှင့် ရခိုင် အမျိုးသားမဲဆန္ဒနယ်အတွက် အမျိုးသား (၃) ဦး၊ အမျိုးသမီး (၂) ဦး ဖြစ်ကြောင်း တွေ့ရသည်။ (ဇယား-၂ တွင် ရှုပါ)

ဇယား (၂) – ကရင်နှင့် ရခိုင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းများ


| စဉ် | ကရင်တိုင်းရင်းသား ကိုယ်စားလှယ်လောင်းများ | ကိုယ်စားပြုပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ | ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်လောင်းများ | ကိုယ်စားပြုပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁ | စောဂျက်ကော့ထူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ဒေါ်ခင်မျိုးဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၂ | နော်လင်းသိင်္ဂီထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ဒေါက်တာစံလှကျော် | တစ်သီးပုဂ္ဂလ |
| ၃ | နော်လှလှစိုး(ခ) နော်စူစင်နာလှလှစိုး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ဦးတင်ထူးအောင် | တစ်သီးပုဂ္ဂလ |
| ၄ | နော်အုန်းလှ | ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ | ဒေါ်ထုမေ | တစ်သီးပုဂ္ဂလ |
| ၅ | မန်းသန်းဝင်းဦး | ကရင်ပြည်သူ့ပါတီ | ဦးဦးမြင့်ကျော် | ရခိုင်အမျိုးသားပါတီ |
| ၆ | ဒေါ်သင်းသင်းခိုင် | ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီ | | |

ရင်းမြစ် – ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ မဲဆန္ဒနယ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝက်ဆိုက်

## တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (တိုင်းရင်းသားလူမျိုး) စသည့်လွှတ်တော်တစ်ရပ်တိုင်းစီ၏ မဲဆန္ဒနယ်များသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းဦးရေ စုစုပေါင်း (၃၂) ဦး ရှိသည်။[8] ၎င်း (၃၂) ဦးတွင် ကျား ဦးရေ (၂၉) ဦး (ရာခိုင်နှုန်းအားဖြင့် ၉၁%) ရှိပြီး မ ဦးရေ (၃) ဦး (ရာ ခိုင်နှုန်းအားဖြင့် ၉%) ရှိသည်။ (ပုံ-၅ တွင် ကြည့်ပါ)

ပုံ(၄) – တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၏ ကျား၊မ ဦးရေနှင့် ကျား၊မပါဝင်မှု ရာခိုင်နှုန်း




ရင်းမြစ် – ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ မဲဆန္ဒနယ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝက်ဆိုက်

8 ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်, '၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ'.

# သုံးသပ်တွေ့ရှိချက် (၁)
# ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များ

## နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များ

ရွေးကောက်ပွဲကြေညာစာတမ်းများတွင် နိုင်ငံရေးပါ တီများ ၏ မူဝါဒများ၊ မဲရရှိပါက ၎င်းမူဝါဒများကို ရှေ့ဆက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် ကတိကဝတ်များ ဖော်ပြထားသည့်ကို တွေ့ရသည်။ လာမည့် နိုဝင်ဘာလ (၈)ရက်နေ့ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၌ ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများ ကိုယ်စားပြုသည့် နိုင်ငံရေးပါတီစုစုပေါင်း (၄၂) ပါတီတွင် ရွေးကောက်ပွဲ ကြေညာစာတမ်း ထုတ်ပြန်ထားသည့် ပါတီအရေအတွက်မှာ (၁၃) ပါတီ ရှိကြောင်း တွေ့ရသည်။[9] ၎င်း (၁၃) ပါတီ၏ ရွေးကောက်ပွဲ ကြေညာစာတမ်း ရေးသားဖော်ပြထားသည့် အချက်အလက်များသည် မြန်မာတစ်နိုင်ငံလုံးစာအတွက် လွှမ်းခြုံဖော်ပြထားကြောင်း တွေ့ရသည်။

ထိုနိုင်ငံရေးပါတီ(၁၃)ပါတီ၏ ရွေးကောက်ပွဲ ကြေညာစာတမ်းများတွင် နိုင်ငံရေး၊ စီးပွားရေး၊နှင့် လူမှုရေးကိစ္စရပ်များကို ခြုံငုံထည့်သွင်းထားသော်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍအတွက် ထည့်သွင်းထားသည့် ပါတီမှာ (၇) ပါတီသာရှိကြောင်း တွေ့ရသည်။ (နောက်ဆက်တွဲ (ခ) တွင် ရှုပါ)။ နိုင်ငံရေးဆိုင်ရာကဏ္ဍတွင် ရွေးကောက်ပွဲ ကြေညာစာတမ်း ထုတ်ပြန်ထားသည့် နိုင်ငံရေးပါတီ (၁၃) ပါတီသည် ယေဘုယျအားဖြင့် ငြိမ်းချမ်းရေး၊ ဥပဒေပြင်ဆင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖက်ဒရယ်ပြည်ထောင်စု၊ တိုင်းရင်းသားအရေးနှင့် ရပိုင်ခွင့်အခွင့်အရေး စသည်တို့နှင့် ပတ်သက်ဆက်စပ်ပြီး ဖော်ပြထားပါသည်။ စီးပွားရေးဆိုင်ရာအခန်းကဏ္ဍတွင်မူ အခွန်ကိစ္စရပ်များ၊ စီးပွာရေးစနစ်များ၊ ပုဂ္ဂလိက စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ တောင်ယာ၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာကိစ္စရပ်များ၊ မြေယာလယ်မြေကိစ္စရပ်များနှင့် သွင်းကုန်၊ ထုတ်ကုန် အကြောင်းအရာများ စသည်တို့နှင့်ပတ်သက်၍ ထို(၁၃)ပါတီသည် ၎င်းတို့၏ ရွေးကောက်ပွဲကြေညာစာတမ်းများထဲတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ လူမှုရေးဆိုင်ရာအခန်းကဏ္ဍတွင်မူ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ လူငယ်ဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးဆိုင်ရာကိစ္စရပ်များ၊ စားဝတ်နေရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်ရေးဆိုင်ရာ ကိစ္စရပ်များစသည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဖော်ပြကတိပေး ထားသည်ကိုလည်း တွေ့ရပါသည်။ နိုင်ငံရေးပါတီ (၇) ပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝ ဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သစ်တော၊ သဘာဝသယံဇာတ၊ စွမ်းအင်နှင့် ဂေဟာစနစ် စသည့်ကိစ္စရပ်များ ပတ်သက်၍ ဖော်ပြထားသည်ကို တွေ့ရသည်။

9 ဖော်ပြပါအကြောင်းအရာများကို ရွေးကောက်ပွဲကျင်းပမည့်ရက် စတင်ကြေညာသည့်နေ့စွဲ ဇူလိုင်လ ၁ ရက်နေ့မှ အောက်တိုဘာလ ၁၈ ရက်နေ့အထိအတွင်းသာ စုဆောင်းထားခြင်း ဖြစ်သည်။

## ရန်ကုန်တိုင်းဒေသကြီးအတွက် ကတိကဝတ်များ

ရန်ကုန်မြို့တော်အတွက် ရွေးကောက်ပွဲ ကြေညာစာ တမ်းတွင် သီးခြားခေါင်းစဉ်တပ် ဖော်ပြထားသည့်ပါတီမှာ နိုင်ငံရေးပါတီ တစ်ပါတီသာရှိပြီး ၎င်းပါတီမှာနိုင်ငံရေးပါတီသစ်ဖြစ်သော ပြည်သူ့ရှေ့ဆောင်ပါတီဖြစ်ကြောင်း တွေ့ရသည်။ ပြည်သူ့ရှေ့ဆောင်ပါတီသည် ရန်ကုန်မြို့တော်အတွက် ရွေးကောက်ပွဲကြေညာစာတမ်းတွင် "မြို့သစ်အိမ်မက်မှ လှုပ်နိုးကြွစေမည့် မဟာရန်ကုန်ဆိုင်ရာ မူဝါဒများ" ဟု ခေါင်းစဉ်တပ်ဖော်ပြထားသည်ကို တွေ့ရသည်။ ၎င်းနိုင်ငံရေးပါတီ၏ ဖော်ပြချက်များတွင် မြို့သစ်စီမံကိန်းအစား လက်ရှိမြို့တော်အား အဓိက ဦးစားပေးထားသည်ကို တွေ့ရသည်။ "ပြည်တွင်းစက်မှုဇုန်များ ပြန်လည်နိုးထတိုးတက်ရေးအတွက် ဦးစားပေး ဖြည့်ဆည်းပေးရေး၊ ကုန်စည်နှင့် ခရီးသည် ရွှေ့လျားမှုအတွက် အဓိကဖြစ်သော ရန်ကုန်ဆိပ်ကမ်းများ၊ မင်္ဂလာဒုံလေဆိပ်နှင့် ရန်ကုန်အများပိုင် ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းစွမ်းရည်များကို အမြန်ဆုံး မြှင့်တင်မည့်အကြောင်း၊ ရန်ကုန်ကိုဦးနှောက်ဟု တင်စားထားပြီး ဉာဏစွမ်းရည်မြင့်မားသည့်မြို့ (Smart City) ဖြစ်ရန်အတွက်လိုအပ်သော ပညာရေး၊ နည်းပညာအခြေခံ အဆောက်အဦးနှင့် ဝန်ဆောင်မှုပေးရေးအတွက်သော်လည်းကောင်း၊ လူမှုအခြေခံအုတ်မြစ် (၁၀) ခုဖြစ်သော လျှပ်စစ်မီး၊ သောက်သုံးရေ၊ အမှိုက်သိမ်းစနစ်၊ တန်ဖိုးနည်း အိမ်ရာဈေးကွက်၊ ရေကြီးရေလျှံကာကွယ်ရေး၊ အမြဲစိမ်းလန်း ဧရိယာများ၊ ရာဇဝတ်မှုလျှော့ချရေး၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ စွမ်းရည်မြင့်မားရေး၊ နိုင်ငံတော်ပိုင်နှင့် အများပိုင်ဆိုင်သည့် မရွှေ့ပြောင်းနိုင်သော ရင်းမြစ်များ စီမံမှုနှင့် အမွေအနှစ်များ တန်ဖိုးထားစီမံမှု" စသည့်တို့ကို ဖော်ပြထားကြောင်းတွေ့ရသည်။[10]

တိုင်းရင်းသားလူမျိုးဝန်ကြီးနေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအနေဖြင့် ၎င်းတိုင်းရင်းသား လူမျိုးများ၏ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးနှင့် တန်းတူညီမျှမှု ရရှိရေး အစရှိသောကိစ္စရပ်များကို ဦးစားပေး ကတိပြုထားသည်ကိုလည်း တွေ့ရသည်။ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း တစ်ဦးဖြစ်သည့် ဒေါ်ထုမေသည် ကိုယ်စားပြုတိုင်းရင်းသားများ၏ လူမှုစီးပွားမြှင့်တင်ရေး၊ လူသားစွမ်းအား အရင်းအမြစ် တည်ဆောက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းလုံခြုံရေး၊ လူ့အခွင့်အရေး တိုးမြင့်လာရေး စသည့်ကိစ္စရပ်များကို ဦးစားပေး ပြောဆိုသည်ကို တွေ့ရသည်။[11] ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားပြုကိုယ်စားလှယ်လောင်းသည် ရန်ကုန်နေကရင်တိုင်းရင်းသားများ၏ လူမှုစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ တန်းတူညီမျှ၊ ဖက်ဒရယ်အရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ လူငယ်များအတွက် အလုပ်အကိုင် ရရှိရေး၊ အလုပ်အကိုင်အရည်အသွေးကောင်းမွန်ရေးအတွက် သင်တန်းများပံ့ပိုးပေးခြင်း ကိစ္စရပ်များကို ကတိပေးပြောဆိုခြင်းကို တွေ့ရပါသည်။ ထို့အတူ ကရင်ပြည်သူ့ပါတီနှင့် ညီညွတ်သောတိုင်းရင်းသား လူမျိုးများဒီမိုကရေစီပါတီတို့၏ ကိုယ်စားလှယ်လောင်းများသည် ကိုယ်စားပြု တိုင်းရင်းသားများ၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ စာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း အခြေပြု ကတိပြုကြသည်ကို တွေ့ရသည်။ [12]

ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့ကိုယ်စားပြုသောမဲဆန္ဒနယ်များ၏ လိုအပ်ချက်များကို အခြေပြု၍ ကတိကဝတ်ပြုကြသည်ကို တွေ့ရသည်။ မဲဆန္ဒနယ်အမှတ်(၁) တိုက်ကြီးမြို့နယ်မှ ကရင်အမျိုးသားပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းသည် ၎င်း၏လက်ကမ်းစာစောင်တွင် "တိုက်ကြီးမြို့နယ်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး" ဟူသော အချက်ကို ထည့်သွင်းထားသည်ကို တွေ့ရသည်။[13] လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ မဲဆန္ဒနယ်များမှ ကိုယ်စား

10 ပြည်သူ့ရှေ့ဆောင်ပါတီ, 'လူထုဘဝအဓိက လုပ်ငန်းစဉ်များ'.

11 ဉာဏ်လင်းထွန်း, 'ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနေရာ ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဒေါ်ထုမေနှင့် တွေ့ဆုံမေးမြန်းခြင်း'.

12 Nyein Nyein, 'Election 2020 | Karen Ethnic Affairs Minister Candidates in Myanmar's Yangon Square Off in Online Debate'.

13 ကရင်အမျိုးသားပါတီ၏ တရားဝင်ဖေ့ဘွတ်စာမျက်နှာပေါ်မှ ကိုးကားထားပါသည်။ https://www.facebook.com/1634017250219468/posts/2706471219640727/

လှယ်လောင်းတစ်ချို့သည် ရေ၊ မီး၊ လမ်း၊ လျှပ်စစ်ဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်သမား အခွင့်အရေး၊ အလုပ်သမားများ၏ လုပ်ခလစာ၊ အလုပ်သမားအိမ်ရာနှင့် တန်ဖိုးနည်းအိမ်ရာဆိုင်ရာ ကိစ္စရပ်များ၊ ကျူးကျော်နေ ပြည်သူများ၏ နေစရာနှင့် မှတ်ပုံတင်ရရှိရေးဆိုင်ရာကိစ္စများ၊ လူမှုဖူလုံရေး ဆေးခန်းများဖွင့်လှစ်ပေးရေး၊ ပျံကျဈေးသည်များ အတွက် ယာဉ်ကြောမပိတ်ဆို့စေရန် ဈေးရောင်းချမည့်နေရာများကို သတ်မှတ်ပေးရေး၊ ဆိုက်ကယ်စီးနင်းခြင်းကို လိုင်စင်ဖြင့် တရားဝင်ဖြစ်ရေး၊ မြို့ရွာတိုးချဲ့ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုများ၏ အခွင့်အရေး၊ ပြည်သူ့အသံများနားထောင်ပြီး လွှတ်တော်သို့တင်ပြခြင်းများ၊ လယ်သမားအခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ တရားဥပဒေ စိုးမိုးရေး အတွက် ရဲစခန်းများနှင့်တပ်ဖွဲ့ဝင်အား တိုးချဲ့ပေးနိုင်ရေး အစရှိသော ကိစ္စရပ်များနှင့် ပတ်သက်ပြီး ပြုလုပ်ပေးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ကိုယ်စားလှယ်လောင်းများမှ ကတိပြုထားကြသည်ကို တွေ့ရပါသည်။[14] ထို့အပြင် သာကေတမြို့နယ်မှ ကိုယ်စားလှယ်လောင်းများသည်လည်း ပညာရေးဆိုင်ရာနှင့်ပတ်သက်၍ စာသင်ကျောင်းများ တည်ဆောက်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဆိုက်ကယ်များကို လိုင်စင်ဖြင့်တရားဝင်စီးနင်းနိုင်ရေး၊ ရေမြောင်းပိတ်စို့ ရေးဆိုင်ရာကိစ္စရပ်များ၊ အိမ်နောက်ဖေးလမ်း သန့်ရှင်းဆိုင်ရာ ကိစ္စရပ်များ၊ အလှူပေါင်းစုံမှာ ခံစားနေရတဲ့ စီးပွားရေး ပြဿနာဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးတွေရဲ့ အခွင့်အရေး၊ အိမ်ခြံမြေဂရမ်ရရှိရေး နှင့် မြေခွန်လယ်ယာ မြေခွန်ဆိုင်ရာ အဂတိလိုက်မှုများနှင့်မသမာမှုများကို လွှတ်တော်သို့ တင်ပြခြင်း၊ ဥပဒေပြင်ဆင်ရေး၊ အသစ်ပြဋ္ဌာန်းရေးနှင့် ဖျက်သိမ်းရေး အစရှိသော ကိစ္စရပ်များစပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ကတိပြုထားသည်ကိုလည်း တွေ့ရပါသည်။[15] မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကမန်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းမှ လူနည်းစု အခွင့်အရေး၊ ပြည်သူ့ကျန်းမာရေး (အထူးသဖြင့် လမ်းဘေးခွေးပြဿနာ) ကို ဖြေရှင်းဆောင်ရွက်သွားမည်ဟု ကတိပေးပြောဆိုထားသည်ကို တွေ့ရသည်။[16]

ထို့အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့်လည်း ဥပဒေပြုရေး အခြေပြု ကတိကဝတ် ပြုကြသကဲ့သို့ မိမိတို့၏ မဲဆန္ဒနယ် အခြေပြု၍ မဲဆွယ် ကတိကဝတ်ပြုကြသည်ကို တွေ့ရပါသည်။ ကမာရွတ် မြို့နယ်၊ ပြည်သူ့ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး၊ ရွေးကောက်ပွဲတွေမှတဆင့် မြို့နယ်တိုင်းတွင် မြို့တော်ဝန် ထားရှိရေးကို ပြောဆိုသုံးနှုန်း၍ မဲဆွယ်စည်းရုံးသည်ကို တွေ့ရပါသည်။[17] ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းသည် ကိုယ်စားပြုမဲဆန္ဒနယ်မှ လူငယ်နှင့် အလုပ် အကိုင် အခွင့်အလမ်း၊ လူငယ်နှင့်အလုပ်အကိုင်အသက်မွေးဝမ်းကြောင်းပညာရေး ဦးစားပေးကတိကဝတ်ပြုသည်ကို တွေ့ရပါသည်။[18] ဒဂုံမြို့သစ်မြောက်ပိုင်း၊ ပြည်သူ့ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအနေဖြင့် တရား ဥပဒေစိုးမိုးရေးနှင့်အတူ ရန်ကုန်မြို့၏ ရေဆိုးရေမြောင်း ပြဿနာကတိပေး ပြောဆိုထားသည်ကို တွေ့ရပါသည်။[19] ထိုနည်းတူစွာ လူဘောင်သစ်ဒီမိုကရက်သစ်ပါတီမှ ပန်းဘဲတန်းမြို့နယ်၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းမှလည်း ကိုယ်စားပြု မဲဆန္ဒနယ်အတွက် လူမှုတရားမျှတမှု၊ လူမှုဖူလုံရေးနှင့် လူနည်းစုအခွင့်အရေး ဦးစားပေး ကတိကဝတ်ပြုထားသည်ကို တွေ့ရသည်။[20] ပန်းဘဲတန်းမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းသည်လည်း တရားဥပဒေစိုးမိုးရေး၊ လူနည်းစုအခွင့်အရေး၊ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာ ဖြေရှင်းရန် ကတိပြုပြောဆိုထားသည်။[21]

14 ဖေ့ဘွတ်မီဒီယာပေါ်တွင် Sitt Nyein Pann Foundation ဟူ၍ အမည်ပေးထားသော လူမှုအခြေပြုအဖွဲ့အစည်း၏ မေးမြန်းချက်ဗီဒီယို တစ်ချို့မှ ကိုးကားထားပါသည်။ https://www.facebook.com/SNPFMyanmar/

15 ဖေ့ဘွတ်မီဒီယာပေါ်တွင် Sitt Nyein Pann Foundation ဟူ၍ အမည်ပေးထားသော လူမှုအခြေပြုအဖွဲ့အစည်း၏ မေးမြန်းချက်ဗီဒီယို တစ်ချို့မှ ကိုးကားထားပါသည်။ https://www.facebook.com/SNPFMyanmar/

16 Nan Lwin, ‘Election 2020 | Rival Candidates Spell Out Goals, Dreams as Myanmar Election Nears’.

17 Nay Yan Oo facebook:https://www.facebook.com/nayyanoo2020

18 Mya Thida Facebook: https://www.facebook.com/1568360566/videos/10223556310847053/

19 Nan Lwin, ‘Election 2020 | Rival Candidates Spell Out Goals, Dreams as Myanmar Election Nears’.

20 Eithinzar Maung Facebook:https://fb.watch/1oJNAvFhxT/

21 Nan Lwin, ‘Election 2020 | Rival Candidates Spell Out Goals, Dreams as Myanmar Election Nears’.

# နိဂုံး

ရန်ကုန်တိုင်းဒေသကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ ကတိကဝတ် များသည် ရန်ကုန်မြို့အတွက် (အထူးသဖြင့် ရန်ကုန်နေ ပြည်သူများအတွက်) များစွာ အရေးကြီးလှပါသည်။ သို့သော် (၂၀၂၀) ရွေးကောက်ပွဲတွင် ရန်ကုန်မြို့၏ ဖွံ့ဖြိုးမှုဆိုင်ရာ ပြဿနာများကို ကျော်ကြည့်နေကြသည်ဟု ပြောနိုင်ပါ ပြီး အများစု၏ ကတိကဝတ်များကမူ ယေဘုယျဆန်ကာ ရှင်းလင်းပြည့်စုံမှုမရှိပေ။ နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲကြေညာစာတမ်းတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် ဦးစားပေးမှုနည်းနေသကဲ့သို့ ရန်ကုန်မြို့အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များကို သီးခြားဖော်ပြထားသည့် နိုင်ငံရေးပါတီ (၁)ပါတီ သာမျှသာ တွေ့ရသည်။ ထို့ပြင်ပါတီတစ်ခု၏ နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲကတိကဝတ်များသည် ရန်ကုန်မြို့၏ ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်ချက်များကို ထင်ဟပ်မှုရှိသည်၊ မရှိသည်ကို မေးခွန်းထုတ်စရာ ဖြစ်ပေသည်။ ထို့ကြောင့် ပါတီများအနေဖြင့် ရန်ကုန်မြို့၏ စိန်ခေါ်ချက်များကို ဖြေရှင်းပေးမည့် ကတိကဝတ်များ သို့မဟုတ် မူဝါဒများကို သီးခြားသို့မဟုတ် အခန်းကဏ္ဍခွဲ၍ ဖော်ပြ သင့်ပေသည်။ ထို့အတူ မူဝါဒဆိုင်ရာ သုတေသန အဖွဲ့အစည်းများအနေဖြင့် ဒေသကို အခြေပြုသော (တိုင်း သို့မဟုတ် ပြည်နယ်) ရွေးကောက်ပွဲဆိုင်ရာကတိကဝတ်များနှင့် ပတ်သက်ပြီး သုတေသနစာတမ်းများ ပြုစုထားမှုမှာ တွေ့ရခဲပါသည်။ သို့ဖြစ်၍ အဖွဲ့အစည်းများအနေဖြင့် နောင်အခါတွင် သုတေသနများပြုလုပ်သည့်အခါ၌ ဤအချက်ကို ထည့်သွင်း စဉ်းစားသင့်ပါသည်။

# နောက်ဆက်တွဲ (ဂ) – သုတေသနနည်းနာ

ဤစာတမ်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တတိယကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကျင်းပမည့်ရက်စွဲ စတင်သတ်မှတ်သည့်နေ့ ဇူလိုင်လ ၁ ရက်နေ့မှ စ၍ အောက်တိုဘာလ ၁၈ ရက်အထိ အွန်လိုင်းမှ စောင့်ကြည့်ခြင်းဖြင့် အချက်အလက်များကို ရှာဖွေစုဆောင်းခဲ့ပါသည်။ သတင်းအချက်အလက် စုဆောင်းရာတွင် အွန်လိုင်းအခြေပြုသော မီဒီယာများနှင့် ဆိုရှယ်မီဒီယာများမှတဆင့် လက်လှမ်းမီသမျှ စုဆောင်း၍ ဖော်ပြထားပါသည်။ ဤစာတမ်းငယ်ကို ရေးသားနေချိန်တွင် ညီညွတ်သောဒီမိုကရက်တစ်ပါတီအား ဖျက်သိမ်းခြင်း၊ ကိုယ်စားလှယ်လောင်းသေဆုံးခြင်းနှင့် ကိုယ်စားလှယ်လောင်း အမည်စာရင်း ပယ်ဖျက်ချက်များ ရှိသည့်အတွက် လက်ရှိ ရန်ကုန်တိုင်းဒေသကြီးတွင် ယှဉ်ပြိုင်သူဦးရေစုစုပေါင်းနှင့် ရာခိုင်နှုန်းမှာ အပြောင်းအလဲရှိခဲ့ပါသည်။ လွှတ်တော်ခုံနေရာများအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း စုစုပေါင်းမှာ (၈၀၁) ဦး သာကျန်ပြီး ကျား၊မပါဝင်မှုဦးရေနှင့် ရာခိုင်နှုန်းမှာ ကျား (၆၁၆) ဦး (၇၆.၉%) ရာခိုင်နှုန်းနှင့် မ (၁၈၅) ဦး (၂၃.၁%) ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိခဲ့ပါသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ ကတိကဝတ်များကို အသေးစိတ်ကို လေ့လာသုံးသပ်နိုင်ခြင်း မရှိခဲ့ဘဲ ခြုံငုံ၍ သုံးသပ်ထားပါသည်။

# နောက်ဆက်တွဲ (၁) – နိုင်ငံရေးပါတီများ၏ရွေးကောက်ပွဲကြေညာစာတမ်းများ

| စဉ် | နိုင်ငံရေးပါတီများ | နိုင်ငံရေး ဆိုင်ရာ | စီးပွားရေး ဆိုင်ရာ | လူမှုရေး ဆိုင်ရာ | သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ |
|---|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ✓ | ✓ | ✓ | ✓ |
| ၂။ | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ✓ | ✓ | ✓ | |
| ၃။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ✓ | ✓ | ✓ | ✓ |
| ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ✓ | ✓ | ✓ | ✓ |
| ၅။ | ပြည်သူ့ပါတီ | ✓ | ✓ | ✓ | ✓ |
| ၆။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ✓ | ✓ | ✓ | |
| ၇။ | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | ✓ | ✓ | ✓ | |
| ၈။ | အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ | ✓ | ✓ | ✓ | |
| ၉။ | လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | ✓ | ✓ | ✓ | |
| ၁၀။ | မွန်ညီညွတ်ရေးပါတီ | ✓ | ✓ | ✓ | ✓ |
| ၁၁။ | လူ့ဘောင်သစ်ပါတီ | ✓ | ✓ | ✓ | ✓ |
| ၁၂။ | ရခိုင်အမျိုးသားပါတီ | ✓ | ✓ | ✓ | ✓ |
| ၁၃။ | ကရင်အမျိုးသားပါတီ | ✓ | ✓ | ✓ | |

ရင်းမြစ် – ပါတီများ၏ ရွေးကောက်ပွဲ ကြေညာစာတမ်းများ ၎င်းတို့ လူမှုမီဒီယာမှ ရယူထားပါသည်။

# နောက်ဆက်တွဲ (င) – သုတေသနစာတမ်း၏ကိုးကားထားသော အရင်းအမြစ်များ

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဝက်ဆိုက်
၂။ နိုင်ငံပါတီများ၏ ဖေ့ဘွတ်စာမျက်နှာများ
၃။ Sitt Nyein Pann Foundation ဖေ့ဘွတ်စာမျက်နှာ
၄။ The Irrawaddy
၅။ Mizzima Burmese
၆။ Eleven Media
၇။ Yangon Business Guide – 2018, publication

*ရန်ကုန်တိုင်းဒေသကြီးအတွင်း မည်သည့်ပါတီများနှင့်*
*ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ကြသနည်း။*
*(ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီများနှင့် ကိုယ်စားလှယ်များဆိုင်ရာ အချက်အလက်)၊*
*ထိုပါတီများနှင့် ကိုယ်စားလှယ်လောင်းများမှ မည်သို့သော ကတိကဝတ်များ*
*ပြုထားသည် ဆိုသည့်အရာများကို အွန်လိုင်းအခြေပြုစောင့်ကြည့်လေ့လာ၍*
*ဤစာတမ်းကို ရေးသားထားပါသည်။*

**Another Development Policy Think–Tank**
အမှတ် ၆၂၊ ၅လွှာ၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်းနံပါတ် – ၀၉ ၂၆၄ ၈၈၃ ၄၂၁
အီးမေးလ် – office@anotherdevelopment.org
ဝဘ်ဆိုဒ် – https://www.anotherdevelopment.org/